
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org

Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

## ကန္တာရထဲမှအစားအစာ 2.11

## ထွက်မြောက်ရာကျမ်း ၁၆

အီဂျစ်နိုင်ငံမှာရှိတဲ့ ကြမ်းတမ်းဆိုးညစ်စွာ အုပ်ချုပ်ခိုင်းစေတဲ့ ဖာရောဘုရင် လက်အောက်ကနေ ဣသရေလလူမျိုးတွေကို ကယ်တင်ဖို့ အတွက် မောရှေနဲ့သူ့အစ်ကိုအာရုန်ကို ဘုရားသခင်က ပြောခဲ့တယ်။ ဖာရောနဲ့ အီဂျစ်လူမျိုးတွေအပေါ်မှာ ကပ်ဘေးတွေကျရောက်ပြီး နောက်ပိုင်းမှာတော့ ဣသရေလ လူမျိုးတွေကို အီဂျစ်နိုင်ငံထဲကနေ ထွက်သွားခွင့်ပေးလိုက်ပါတော့တယ်။ ဘုရားသခင်က သူတို့ အတွက် ခါနန်ပြည်ကို ပေးမယ်လို့ ကတိပေးခဲ့တယ်။

ဣသရေလလူမျိုးတွေဟာ အီဂျစ်ပြည်ကနေ ထွက်သွားခွင့်ရလို့ကျေးဇူးတင်ခဲ့ကြပေမယ့်၊ မကြာခင်မှာပဲ မောရှေနဲ့အာရုန်ကို သူတို့ ညည်းတွားမြည်တမ်းခဲ့ကြပါတယ်။ "အသားတွေနဲ့ပေါင်မုန့်တွေ စားခဲ့ရတဲ့ အီဂျစ် ပြည်မှာ ဘာ့ကြောင့် ငါတို့ကို ဘုရားသခင်က မသေစေတာလဲ? အစာငတ်ပြီးသေမယ့် ကန္တာရထဲမှာသေဖို့ ဘာလို့ငါတို့ကိုခေါ်လာတာလဲ?"

"မင်းတို့စားဖို့ ကောင်းကင်ကနေ မုန့်မိုးရွာချပေးမယ်။ လူတွေဟာ နေ့တိုင်းစားဖို့ စုသိမ်းကြရမယ်။ သူတို့တွေ ငါ့စကားနားထောင် သလားလို့ စမ်းသပ်မယ်။ ခြောက်ရက်မြောက်နေ့မှာ နှစ်ရက်စာ အစာကိုစုသိမ်းကြရမယ်။ ခုနှစ်ရက်မြောက်နေ့မှာတော့ သူတို့တွေ နားရမယ်။" လို့ ဘုရားသခင်က မောရှေကိုပြောတယ်။

နောက်တစ်နေ့နံနက်မှာတော့၊ သေးငယ်တဲ့မှုန်မွှားလေးတွေ မြေပြင်ပေါ်ကျနေတာကို လူတွေတွေ့ကြတယ်။ "အဲဒါဘာလဲ?" လို့ သူတို့အချင်းချင်းမေးကြတယ်။ အဲဒီစားစရာကို သူတို့ဘာသာစကားအားဖြင့် "အဲဒါဘာလဲ?" လို့အဓိပ္ပါယ်ရတဲ့ "မန္န" လို့ခေါ် ကြတယ်။ အဒါသူတို့စားဖို့အတွက် ချပေးတဲ့ဘုရားရဲ့မုန့် ဖြစ်တယ် လို့မောရှေက သူတို့ကိုပြောခဲ့တယ်။

ဣသရေလလူမျိုးတွေအားလုံး အယောက်စီတိုင်းအတွက် မန္နကိုလုံလောက်စွာ စုသိမ်းဖို့ပြောထားတယ်။ အဲဒီအတိုင်း လိုက်နာလုပ် ဆောင်သူတွေအတွက် အစာလုံလောက်စွာစားရပြီး၊ သူတို့ကျေနပ်ကြတယ်။ မောရှေရဲ့စကားကိုနားမထောင်ဘဲ၊ သူတို့စားကုန်နိုင် တာထက်ပိုပြီးသိမ်းထားတဲ့သူတွေဟာ နောက်တစ်နေ့မှာတော့ သူတို့ သိမ်းထားတဲ့အစာတွေဟာ သိုးပြီးအနံ့ဆိုးဖြစ်ကုန်တယ်။ ခုနှစ်ရက်မြောက်နေ့မှာ မန္နစုသိမ်းဖို့ထွက်သွားသူတွေကတော့ ဘာမှမရကြဘူး။ သူတို့ဟာ ဘုရားသခင်ပြောတဲ့အတိုင်း နားထောင်ကြ ဖို့ဖြစ်ပါတယ်။

"တွေ့လား၊ စည်းကမ်းလိုက်နာဖို့ ဘယ်လောက်သင်ယူကြမလဲ? ခြောက်ရက်မြောက်နေ့မှာ ခုနှစ်ရက်မြောက်နေ့အတွက်ပါ နှစ်ရက် စာအတွက် အစာစုသိမ်းရမယ်။" လို့ ဘုရားသခင်ပြောတယ်။ ဣသရေလလူမျိုးတွေဟာ စည်းကမ်းတွေကိုမလိုက်နာဘဲ၊ တစ်ယောက် နဲ့တစ်ယောက်အပြစ်တင်ကြတယ်။

အဲဒီမုန့်ကိုပဲစားနေရတဲ့အတွက် လူတွေက မောရှေကိုအပြစ်တင်ကြပါတော့တယ်။ "နံနက်ပိုင်းမှာ မုန့်ကိုစားရပြီး၊ ညပိုင်းမှာ အသား ကိုစားရလိမ့်မယ်လို့ လူတွေကိုပြောပါ" လို့ မောရှေကိုဘုရားသခင်ကပြောတယ်။ အဲဒီညမှာပဲ "ငုံး" လို့ခေါ်တဲ့ငှက်လေးတွေဟာ သူတို့စခန်းချတဲ့နေရာဆီကို ပျံလာကြတယ်။ လူတိုင်းကိုယ်စီစားသောက်ဖို့အတွက် လုံလောက်တဲ့အသားကို သူတို့ရကြတယ်။

ဣသရေလကလေးငယ်တွေဟာ သူတို့ခရီးသွားတဲ့ကန္တာရခရီးတလျှောက်လုံး မန္နမုန့်ကို နှစ်ပေါင်းလေးဆယ်လောက် စားခဲ့ရတယ်။ နေ့တိုင်း ငုံးသားနဲ့မန္နမုန့်အားဖြင့် ဘုရားသခင်က ကျွေးမွေးခဲ့တယ်။ သူတို့စိုးရိမ်စရာမလိုခဲ့ဘူး။ သူတို့အတွက် ဘုရားသခင်ကတိပေး ခဲ့တဲ့ခါနန်ပြည်နယ်စပ်ကိုရောက်တဲ့အထိ အဲဒီအစားအစာကို သူတို့စားခဲ့ကြရတယ်။

**ကန္တာရထဲမှအစားအစာ - ဆရာလမ်းညွှန် 2.11**

**ထွက်မြောက်ရာကျမ်း ၁၆**

**အဓိကအချက်များ**

၁) မောရှေနှင့်အာရုန်ဟာ ဣသရေလလူမျိုးတွေကို အီဂျစ်ပြည်မှာရှိတဲ့ ဖာရောလက်က ကယ်တင်ခဲ့တယ်။ ဣသရေလလူမျိုးတွေ အတွက် ဘုရားသခင် ကတိထားတဲ့ခါနန်ပြည်ကို ပို့ဆောင်ပေးဖို့ မောရှေကို ဘုရားသခင်က ပြောတယ်။

၂) သူတို့မှာ စားစရာမရှိဘူးလို့ ဣသရေလလူမျိုးတွေက အပြစ်တင်ကြတယ်။ "စားကောင်းသောက်ဖွယ်ရှိတဲ့အီဂျစ်ပြည်မှာ ငါတို့ကို ဘာ့ကြောင့်မသေစေခဲ့တာလဲ" လို့ မောရှေကို သူတို့ပြောတယ်။

၃) ဣသရေလလူမျိုးတွေအတွက် အစာကို ဘုရားသခင်ချပေးခဲ့တယ်။ နံနက်ပိုင်းမှာ "မန္န" လို့ခေါ်တဲ့စားစရာနဲ့ ညနေပိုင်းမှာ "ငုံး" လို့ခေါ်တဲ့သေးငယ်တဲ့ငှက်တွေ သတို့ကိုပေးတယ်။ အစားအသောက်တွေကို နေ့တိုင်း ဘယ်လိုစုသိမ်းရမလဲဆိုတာကိုလည်း ဘုရားသခင်က နည်းလမ်းပေးခဲ့တယ်။

၄) လူတချို့က လမ်းညွှန်ချက်ကိုလိုက်နာကြပေမယ့်၊ အချို့က မလိုက်နာခဲ့ဘူး။ လမ်းညွှန်ချက်ကို လိုက်နာကြသူတွေဟာ စားစရာ လုံလောက်စွာရှိကြပြီး၊ အပိုစုသိမ်းကြသူတွေကတော့ နောက်တစ်နေ့မှာ အစာထဲပိုးဝင်မှိုတက်နေတာကို တွေ့ကြရတယ်။

၅) ဘုရားသခင်ဟာ ဣသရေလလူမျိုးတွေအတွက် ဒီအစားအစာကို နှစ်ပေါင်းလေးဆယ် ကျွေးခဲ့ပါတယ်။ သူတို့ကိုပေးမယ်လို့ ကတိ ထားတဲ့ခါနန်ပြည်နယ်စပ်ကိုရောက်တဲ့အထိ မန္နမုန့်ကိုသူတို့စားခဲ့ရပါတယ်။

**မေးခွန်းများ**

၁) ဣသရေလလူမျိုးတွေကို မောရှေအနေနဲ့ ဘယ်နယ်မြေကိုခေါ်သွားဖို့ ဘုရားသခင်က ပြောသလဲ?

၂) လူတွေက ဘယ်အရာအတွက် စပြီးအပြစ်တင်ကြသလဲ?

၃) ဣသရေလလူမျိုးတွေအတွက် ဘာအစားအစာကို ဘုရားပေးခဲ့သလဲ?

၄) လိုအပ်တာထက်ပိုစုသိမ်းတဲ့သူတွေ ဘာဖြစ်သွားကြသလဲ?

၅) သူတို့ကို ဘယ်လောက်ကြာအောင် ဘုရားသခင်က အဲဒီစားစရာပေးခဲ့သလဲ?

**အဖြေများ**

၁) ဣသရေလလူမျိုးတွေကို ခါနန်ပြည်ခေါ်သွားဖို့ မောရှေကို ဘုရားသခင်ကပြောခဲ့ပါတယ်။

၂) လူတွေဟာ သူတို့စားစရာအစာမရှိဘူးလို့ အပြစ်တင်ကြပါတယ်။

၃) ဘုရားသခင်က ငုံးလို့ခေါ်တဲ့ငှက်ကလေးတွေနဲ့ မန္နလို့ခေါ်တဲ့စားစရာကို သူတို့စားဖို့ ပို့ပေးခဲ့ပါတယ်။

၄) နောက်တစ်နေ့မှာ ပိုစုသိမ်းထားတဲ့အစာတွေဟာ ပိုးဝင်ပြီးအနံ့ဆိုးသွားပါတယ်။

၅) ဘုရားသခင်ဟာ အဲဒီအစာကို သူတို့ခါနန်ပြည်နယ်စပ်ရောက်တဲ့အချိန်ထိ နှစ်ပေါင်းလေးဆယ် ကျွေးခဲ့ပါတယ်။


Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org